global witness

နိုဝင်ဘာလ ၂၀၁၄

# မြန်မာနိုင်ငံ၏ အမျိုးသားမြေအသုံးချမှု မူဝါဒ မူကြမ်းနှင့်ပတ်သက်၍ Global Witness ၏ အဆိုပြုလွှာ

## အနှစ်ချုပ်

ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် မြန်မာနိုင်ငံ အစိုးရသည် အမျိုးသားမြေအသုံးချမှု မူဝါဒ မူကြမ်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ပြီး ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးရန် နောက်ဆက်တွဲ မြေယာဥပဒေတစ်ခုအတွက် အစီအစဉ်များကိုလည်း ထုတ်ပြန်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးသည့် လုပ်ဆောင်ချက်ဖြစ်ပြီး Global Witness အနေဖြင့် မြေနှင့်ပတ်သက်ပြီး ခိုင်မာသော ဥပဒေပြဋ္ဌာန်းမှုဆိုင်ရာ မူဘောင်နှင့် ပြည်သူလူထု ပါဝင်လာနိုင်မည့် အခွင့်အရေးများအတွက် အလားအလာများကို လက်ကမ်း ကြိုဆိုပါသည်။ သို့သော် အလွန်အရေးကြီးသည်မှာ ထိုသို့သော တိုင်ပင်ဆွေးနွေးမှုသည် အဓိပ္ပါယ်ရှိရမည်ဖြစ်ပြီး စစ်မှန်စွာ ပါဝင်ဆောင်ရွက်ခြင်း ဖြစ်ရမည်။ ထို့နောက် ရရှိလာသော တုန့်ပြန်ချက်များကို မြေအသုံးချမှု မူဝါဒနှင့် မြေအသုံးချမှု ဥပဒေတို့တွင် အပြည့်အဝ ပွင့်လင်းမြင်သာမှုဖြင့် ပေါင်းစပ်ထည့်သွင်း ရမည်ဖြစ်သည်။ ထို့အပြင် အပြီးသတ် မြေအသုံးချမှု မူဝါဒနှင့် နောက်ဆက်တွဲ မြေအသုံးချမှု ဥပဒေတို့သည် ခိုင်ခံ့ရမည်ဖြစ်သည့်အပြင် အပြည်ပြည်ဆိုင်ရာ အခြေခံစံနှုန်းများဖြင့် ကိုက်ညီသင့်သည်။ အထူးသဖြင့် မြေ၊ ငါးလုပ်ငန်းနှင့် သစ်တောများဆိုင်ရာ လုပ်ပိုင်ခွင့်အပေါ် တာဝန်သိသော အုပ်ချုပ်မှုနှင့်ပတ်သက်သည့် ကုလသမဂ္ဂ၏ စေတနာအလျောက် လမ်းညွှန်ချက်များ (UN Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests) နှင့် ကိုက်ညီသင့်သည်။[1]

အမျိုးသား မြေအသုံးချမှု မူဝါဒ မူကြမ်း၏ လမ်းညွှန် အခြေခံမူများတွင် ဖော်ပြထားသည့် ၎င်း၏ ရည်ရွယ်ချက်များမှာ *"နိုင်ငံတော်အတွင်းရှိ မြေသယံဇာတ အရင်းအမြစ်များကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားရေး ဘဝမြှင့်တင်ရန် ဖြည့်ဆည်းပေးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး တို့အတွက် အသုံးပြု စီမံခန့်ခွဲရာတွင် စနစ်တကျ မှန်ကန်ပြီး ရေရှည်တည်တံ့နိုင်မည့် မူဝါဒတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။"* ဟူ၍ ဖြစ်သည်။ ၎င်းသည် တိုင်းပြည်၏ မြေယာ အုပ်ချုပ်မှုပိုင်းတွင် အရေးတကြီး လိုအပ်နေသည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် ခြေလှမ်းဖြစ်သောကြောင့် ထိုရည်ရွယ်ချက်ကို အလွန်ပင် ကြိုဆိုပါသည်။ သို့သော် ထိုမူဝါဒတွင် သိသိသာသာ လစ်ဟင်းနေသည့်အရာမှာ ဦးစားပေး လုပ်ဆောင်ရမည့် အရာများအတွက် ရှင်းလင်းသည့် လမ်းပြမြေပုံတစ်ခု မပါဝင်ဘဲ ယင်းကို ဖော်ထုတ် ဆွေးနွေးရမည်ဖြစ်သည် - စစ်မှန်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်စေခြင်းသည် မြေနှင့် မြေအသုံးပြုသူများ၏ အခွင့်အရေးများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ထိုဒေသရှိ လူထု၏ အစားအစာဖူလုံမှုတို့ကို ဦးစားပေးသင့်ပြီး မြေအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့အတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လမ်းညွှန်ချက်များပေးရန် အများပါဝင်၍ မြေအသုံးချ မြေပုံရေးဆွဲခြင်းနည်းလမ်းများကိုလည်း ထည့်သွင်းသင့်သည်။ သို့မှသာ မြေနှင့်ပတ်သက်ပြီး

[1] FAO, မြေ၊ ငါးမွေးမြူရေးနှင့် သစ်တောတို့တွင် လုပ်ပိုင်ခွင့်အပေါ် တာဝန်ရှိသော အုပ်ချုပ်မှုနှင့် ပတ်သတ်သည့် ကုလသမဂ္ဂ၏ စေတနာဖြင့် လမ်းညွှန်ချက်များ (၂၀၁၂) http://www.fao.org/docrep/016/i2801e/i2801e.pdf

ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်ပြီး မည်သို့ သတ်မှတ် အကဲဖြတ်သင့်သည် ဆိုသည်နှင့် အကယ်၍ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများအတွက် မြေဧရိယာများ ရှိခဲ့လျှင် မည်သည့်မြေဧရိယာများကို ချထားပေးသင့်သည်ဟူသော သတ်မှတ်ချက်များနှင့်ပတ်သက်ပြီး အကဲဖြတ်ဆန်းစစ်မှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။ သို့သော် လက်ရှိပုံစံတွင် မြေအသုံးချမှုမူဝါဒ မူကြမ်းသည် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး သို့မဟုတ် အစားအစာ ဖူလုံရေးတို့အတွက် စဉ်းစားထားခြင်းမရှိဘဲ မြန်မာနိုင်ငံ၏ လူထုအများစုဖြစ်သည့် ကျေးလက်ဒေသရှိ မြေယာအနည်းငယ်သာ လုပ်ကိုင်သူတို့ထံမှ မြေကွက်များရယူပြီး စီမံကိန်းကြီးများပြုလုပ်ကာ စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းကို ပွင့်လင်းစွာ မြှင့်တင်ပေးရန် ဆောင်ရွက်သည့်ပုံစံ ပေါက်နေပါသည်။

မြေအသုံးချမှု မူဝါဒ မူကြမ်းသည် စီးပွားရေးလုပ်ငန်းများကို ပိုပြီး ဦးစားပေးထားသဖြင့် ဝေဖန်မှုများကို ခံနေရပါသည်။ သို့သော် အဆိုပြုထားသော ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး သတိရှိသင့်ပေသည်။ လက်ရှိပုံစံ အရ မြေအသုံးချမှု မူဝါဒ မူကြမ်းသည် ရှင်းလင်းချက်များ အထူးသဖြင့် မြေနှင့် မြေအသုံးပြုသူတို့၏ အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့် များပြားလှသော ပုဒ်မများနှင့်ပတ်သက်ပြီး ရှင်းလင်းချက်များ လိုအပ်နေသေးသော မသေချာမရေရာသည့် ဥပဒေရေးရာ ပြောင်းလဲမှုများပင် ဖြစ်ပေသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ အဆင့်တွင် မကြာသေးမီက ပြုလုပ်ထားသည့် သုတေသန နှစ်ခု အရ မသေချာ မရေရာသည့် မြေနှင့် မြေအသုံးပြုသူများ၏ အခွင့်အရေးများသည် အစိုးရနှင့် ကုမ္ပဏီများအတွက် ဘဏ္ဍာရေးအရ အန္တရာယ်ဖြစ်နိုင်ချေများ ရှိနိုင်ပါသည်။ ပထမ သုတေသနမှာ ဘဏ္ဍာရေးနှင့် ရေရှည်တည်တံ့စေရေးတို့တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ပညာရှင်အဖွဲ့အဖြစ်သည့် မန်ဒန် စီမံကိန်း (Munden Project)[2] နှင့် ဒုတိယ သုတေသနမှာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းအဖွဲ့တစ်ခုဖြစ်သည့် အခွင့်အရေးနှင့် အရင်းအမြစ်များဆိုင်ရာ အစီအစဉ် (Rights and Resources Initiative) က ပြုလုပ်သော သုတေသနဖြစ်ပြီး မြေအသုံးချမှုလုပ်ပိုင်ခွင့်များ သေချာရေရာမှုမရှိသည့် နိုင်ငံများတွင် မြေယာရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်ပြီး အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ချေ အန္တရာယ်များကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် နမူနာလေ့လာမှုများပြုလုပ်လျက် ဖော်ပြထားပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် ၎င်းအား ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးနေသော လုပ်ဖော်ကိုင်ဖက်များ၏ အထောက်အပံ့ဖြင့်အတူ လက်ရှိ မြေအသုံးချမှု မူဝါဒ မူကြမ်းတွင် ရှင်းလင်းသော ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ရှိကြောင်း သေချာစေရန်နှင့် ၎င်းသည် လူထုတစ်ရပ်လုံး၏ အစားအစာဖူလုံရေးကို ထည့်သွင်း စဉ်းစားလျက် မြေ၊ ငါးမွေးမြူရေးနှင့် သစ်တောတို့တွင် လုပ်ကိုင်ခွင့်အား တာဝန်ယူသော အုပ်ချုပ်မှုဆိုင်ရာ ကုလသမဂ္ဂ၏ စေတနာဖြင့် လမ်းညွှန်ချက်များအတိုင်း အပြည်ပြည်ဆိုင်ရာ အခြေခံစံနှုန်းများအား အခြေခံပြီး ပြန်လည် ပြင်ဆင်ရေးဆွဲသင့်ပါသည်။

## Global Witness အကြောင်း

Global Witness သည် သဘာဝအရင်းအမြစ်များကို စီမံအုပ်ချုပ်မှုကိစ္စရပ်များအား အထူးအာရုံစိုက်လုပ်ဆောင်ပြီး လန်ဒန်တွင် အခြေစိုက်ကာ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် တိုင်းပြည်၏ ကြွယ်ဝလှသော အရင်းအမြစ်များကြောင့် လူမှုဘဝနှင့် သဘာဝ ပတ်ဝန်းကျင် တို့အပေါ် ဆိုးရွားစွာ ထိခိုက်စေခြင်းမရှိဘဲ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ အတွက် အသုံးပြုနိုင်စေရန် ဆောင်ရွက်လျက် ရှိပါသည်။

[2] 'မသေချာသော မြေယာလုပ်ကိုင်ခွင့်ဆိုင်ရာ ဘဏ္ဍာရေးဆုံးရှုံးနိုင်ချေ အလားအလာများ - ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရှုထောင့် အမြင်, မန်ဒန်စီမံကန်း (၂၀၁၂)၊ Rights and Resources Initiative အတွက် ပြင်ဆင်ခဲ့သည်။ http://mundenproject.com/wp-content/uploads/2013/07/doc_5715.pdf

Global Witness သည် မြန်မာနိုင်ငံတွင် ၂၀၀၀ ခုနှစ်မှ စတင်ကာ လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်အထိ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ သစ်တောများကို တရားမဝင် ခုတ်ထွင်မှုနှင့် သစ်တောများ ပျက်စီးနေမှုကို စုံစမ်းထောက်လှမ်းပြီး မှတ်တမ်းများ ပြုလုပ်ထားခဲ့ပါသည်။ တရုတ်နှင့် မြန်မာနိုင်ငံအကြား တရားမဝင် ကျွန်းသစ်များ ကူးသန်းရောင်းဝယ်မှုပြုလုပ်နေသည်ကို ကျွန်ုပ်တို့အနေဖြင့် ဖော်ထုတ်ခဲ့ပြီးသည့်နောက် နှစ်နိုင်ငံစလုံးသည် ထိုသို့ ရောင်းဝယ်ခြင်းနှင့်ပတ်သက်ပြီး တားမြစ်မိန့်များနှင့် ရောင်းဝယ်မှုများကို ထိန်းချုပ်သည့် ဆောင်ရွက်ချက်များကို ပြဋ္ဌာန်းခဲ့ပေသည်။ ၂၀၁၂ မှ စတင်ကာ ကျွန်ုပ်တို့သည် မဲခေါင်ဒေသတစ်ဝန်းတွင် ပြုလုပ်သော အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာနိုင်ငံရှိ များပြားလှသော မြေများကို လုပ်ပိုင်ခွင့်ချပေးသည့်အတွက် ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုများကို အဆုံးသတ်နိုင်ရန် လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်း တူးဖော်ရေးကဏ္ဍများအား စီမံခန့်ခွဲမှု ပိုမိုအားကောင်း လာစေရေးအတွက် အလေးထားသော စီမံကိန်းတစ်ခုကို စတင်လုပ်ဆောင်ခဲ့ပါသည်။

ဤရည်ရွယ်ချက်ဖြင့် Global Witness သည် အမျိုးသား မြေအသုံးချမှု မူဝါဒ မူကြမ်း၏ အဓိကအပိုင်းများနှင့် ပတ်သက်ပြီး အကြံပြု တုန့်ပြန်ချက်များကို ပေးလိုပါသည်။

- *မူကြမ်းအား ခြုံငုံသုံးသပ်ထားသည့် အထွေထွေ မှတ်ချက်များ*
- *အပိုင်း (၁) - အခန်း (၄) - မြေအတန်းအစားများနှင့် စီမံခန့်ခွဲသည့် အစိုးရဌာန၊ အဖွဲ့အစည်းများ*
- *အပိုင်း (၂) - အခန်း (၃) - တစ်သီးပုဂ္ဂလ လျှောက်ထား၍ မြေအသုံးချမှု ပြောင်းလဲခြင်း*
- *အပိုင်း (၃) - နိုင်ငံပိုင်မြေများကို လုပ်ကိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းခြင်း*
- *အပိုင်း (၄) - မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ*
- *အပိုင်း (၇) - တိုင်းရင်းသားလူမျိုးစုများ၏ မြေအသုံးပြုမှု အခွင့်အရေးများ*

**ဆက်သွယ်ရန် - Ali Hines၊ မြေကိစ္စရပ်များအတွက် လှုံ့ဆော်လှုပ်ရှားသူ ahines@globalwitness.org**

**ဟာကွက်များအား လေ့လာဆန်းစစ်ချက်**

မူကြမ်းအား ခြုံငုံသုံးသပ်ထားသည့် အထွေထွေ မှတ်ချက်များ

- မူဝါဒ မူကြမ်းတွင် ဖော်ပြထားသော အဓိက စကားရပ်များကို ပူးတွဲပါ နောက်ဆက်တွဲစာမျက်နှာဖြင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ ပေးသင့်ပါသည်။

- ပုဒ်မ ၅ - တိကျသော အပြည်ပြည်ဆိုင်ရာ အခြေခံစံနှုန်းများနှင့် အကောင်းဆုံး ကျင့်စဉ်များကို ဖော်ပြရန် အရေးကြီးပါသည်။ ၎င်းတို့တွင် အောက်ပါ အချက်များ အနည်းဆုံးအနေဖြင့် ပါဝင်သင့်ပါသည် -
    - အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ
        - စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်
        - နိုင်ငံသား နှင့် နိုင်ငံရေး အခွင့်အရေးများနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်
        - လူမျိုးရေး ခွဲခြားမှု အဆုံးသတ်ရေးနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်
        - အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းအား အဆုံးသတ်ရေးနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်
    - ကုလသမဂ္ဂမှ သဘောတူထားသည့်အပြည်ပြည်ဆိုင်ရာ နည်းလမ်းများနှင့် အခြေခံစံနှုန်းများ
        - ဒေသခံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂ၏ ကြေငြာချက်နှင့် ILO သဘောတူညီချက် ၁၆၉
        - မြေ၊ သစ်တောနှင့် ငါးမွေးမြူရေးအတွက် လုပ်ပိုင်ခွင့်များတွင် တာဝန်သိသော အုပ်ချုပ်မှုနှင့်ပတ်သက်သည့် စေတနာဖြင့် လမ်းညွှန်ချက်များ (VGGTs)
        - လူထုအတွက် အစားအစာဖူလုံရေးနှင့် ပတ်သက်၍ လုံလောက်သော အစားအစာ များပြားစွာတိုးတက်ဖြစ်ထွန်းမှုကို ထောက်ပံ့ပေးရန် စေတနာဖြင့် လမ်းညွှန်ချက်များ
        - စိုက်ပျိုးရေးနှင့် အစားအစာစနစ်တွင် တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံမှုများ

- ပုဒ်မ ၉ - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုသာ ဤပုဒ်မတွင် ဖော်ပြထားသည်၊ သို့သော် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများ ပါဝင်ရန်လည်းအရေးကြီးသည်ဟု ကျွန်တော်တို့အနေဖြင့် ယုံကြည်ထားပါသည်။

**အပိုင်း (၁) - အခန်း (၄) - မြေအတန်းအစားများနှင့် စီမံခန့်ခွဲသည့် အစိုးရဌာနနှင့် အဖွဲ့အစည်းများ**

| ပုဒ်မ | အားသာချက် | ဟာကွက် | အကြံပြုချက် |
| --- | --- | --- | --- |
| *ပုဒ်မ ၁၉၊ စာမျက်နှာ ၁၂* | မြေအသုံးပြုမှုကိုအစီအစဥ် မရေးဆွဲမီ မြေအတန်းအစားများကို ရှင်းရှင်းလင်းလင်းသတ်မှတ်ခြင်းသည် အရေးကြီးသော မရှိမဖြစ်ထားရှိရမည့် လိုအပ်ချက်ဖြစ်သည်။ | ရှင်းလင်းရန် လိုအပ်နေသေးသော ထပ်နေသည့် မြေအမျိုးအစားများ ရှိနေပြီး အခြား အရေးကြီးသော မြေအသုံးပြုမှု အမျိုးအစားများ ကိုလည်း ထည့်သွင်းရန် ကျန်ရှိနေသေးသည်။ | ၁၉.က - "သစ်တော စိုက်ခင်းများ" ဆိုသည်ကို အဓိပ္ပါယ် သတ်မှတ်ရန် လိုအပ်ပါသည်။ ဤအမျိုးအစားတွင် ထည့်သွင်းရန် ကျန်ရှိနေသေးသော မြေအမျိုးအစားများမှာ -<br>• စိုက်ပျိုးရေး "လုပ်ကိုင်ခွင့်ပြုခြင်းများ" (အပိုင်း ၃ တွင် ဖော်ပြထားသကဲ့သို့)<br>• *တောင်ယာ* (ပုဒ်မ ၃၄ တွင် ပထမဆုံး ဖော်ပြထားသည်)<br>• အခြား လူ့အသိုင်းအဝိုင်း/ အများပြည်သူ ပိုင်မြေများ၊ ဥပမာ - သင်္ချိုင်းနှင့် အခြား ဘာသာရေးဆိုင်ရာ အရေးကြီးသည့် နေရာများ (မူဝါဒ မူကြမ်းတွင် ရည်ညွှန်းမထားပါ)<br>• ကာဗွန် ရင်းမြစ်မြင့်မားသည့် သစ်ဆွေးမြေနှင့် အခြားနေရာများ (မူဝါဒ မူကြမ်းတွင် ရည်ညွှန်းမထားပါ)<br>• အခြားသော ကြီးမားသည့် ဖွံ့ဖြိုးရေး စီမံကိန်း အမျိုးအစားများ - ရေအားလျှပ်စစ်ထုတ်ယူသည့် ရေကာတာများနှင့် အထူးစီးပွားရေးဇုန်များ<br><br>ဤနေရာတွင် ဖော်ပြထားသော မြေအမျိုးအစားများသည် ပုဒ်မ ၃၁ တွင် ဖော်ပြထားသော မြေအသုံးချမှု ဇုန်များနှင့် |

| | | | |
|---|---|---|---|
| | | | ကိုက်ညီသင့်သည်။ သို့သော် လက်ရှိတွင် ၄င်းတို့သည် ကွဲပြားနေသည်။<br><br>မူဝါဒတွင် နောက်ပိုင်း ရည်ညွှန်းထားသကဲ့သို့ နိုင်ငံပိုင် မြေများဆိုသည်ကို ရှင်းလင်းဖော်ပြချက် တစ်ရပ် ဤအပိုင်းတွင် ထည့်ရန် လိုအပ်ပါသည်။ (ဥပမာ - ပုဒ်မ ၃၅) |

**အခန်း (၃)၊ တစ်သီးပုဂ္ဂလ လျှောက်ထား၍ မြေအသုံးချမှု ပြောင်းလဲခြင်းနှင့် အပိုင်း ၃ - နိုင်ငံပိုင်မြေများကို လုပ်ကိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းခြင်း**

| ပုဒ်မ | အားသာချက် | ဟာကွက် | အကြံပြုချက် |
|---|---|---|---|
| *ပုဒ်မ ၃၃၊ စာမျက်နှာ ၁၇* | ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဆိုပါက ကြိုတင် နို့တစ်ပေးရန် ဆောင်ရွက်ခြင်းကို အားပေးထားသည်၊ လက်ရှိမြေအသုံးပြုနေသူများ၏ မြေအသုံးချမှုဆိုင်ရာ အခွင့်အရေး များကို ဦးစားပေးပုံရသည်။ | ဤပုဒ်မသည် လယ်ယာမြေ အနည်းငယ်သာ လုပ်ကိုင်သည့် လယ်သမားများ (ပုဂ္ဂလိက) သို့မဟုတ် အောက်ပါ ပုဒ်မ (၃၄)တွင် အကြံပြုထားသည့် လယ်ယာမြေ အများအပြား ပိုင်ဆိုင်သူများနှင့် စီးပွားရေးအတွက် အသုံးပြုသူများ အတွက် မြေအသုံးချမှု ပြောင်းလဲခြင်းအား ရည်ညွှန်းသည် မရည်ညွှန်းသည်မှာ ရှင်းလင်းခြင်း မရှိပေ။ | ထိုပုဒ်မသည် မြေ အနည်းငယ်သာ လုပ်ကိုင်သည့် လယ်သမားများကို ရည်ညွှန်းခြင်းဟုတ်မဟုတ်၊ မြေအများအပြားပိုင်ဆိုင်သူများကို ရည်ညွှန်းခြင်း ဟုတ်မဟုတ်ကို ရှင်းရှင်းလင်းလင်း ရေးသားဖော်ပြ သင့်သည်။ မြေအများအပြားပိုင်ဆိုင်သူကို ရည်ညွှန်းခြင်းဖြစ်လျှင် လုပ်ကိုင်ခွင့်ပြုခြင်းနှင့် ပတ်သက်၍ အောက်ပါ အပိုင်း (အပိုင်း ၃) တွင် ပို၍ ဆက်နွယ် ရေးသားသင့်သည်။<br><br>မြေနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများ၏ အချက်အလက်များကို လုံလောက်သည့် အချိန်အတိုင်းအတာအတွင်း စာချုပ်များမချုပ်ဆိုမီ အများပြည်သူ သိရှိစေရန် ကြိုတင်ထုတ်ပြန်သင့်ပြီး ၄င်းအား ဒေသခံ လူထုအဖွဲ့အစည်းများမှ |

| | | | |
|---|---|---|---|
| | | | လက်လုပ်မီ ရောက်ရှိ နိုင်မည့် ပုံစံ နှင့် ဘာသာစကားဖြင့် ရေးသားထုတ်ပြန်သင့်သည်။ မြန်မာနိုင်ငံသည် အရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့် လုပ်ငန်းတွင် ပွင့်လင်းမြင်သာမှုရှိစေရေး ဆောင်ရွက်မှုများကို ဆောင်ရွက်နေပြီဖြစ်သဖြင့် စိုက်ပျိုးရေး ကုမ္ပဏီများအနေဖြင့်လည်း ၎င်းတို့၏ အကျိုးခံစားသော ကုမ္ပဏီ ပိုင်ရှင်များကို ထုတ်ဖော် ပြောကြားသင့်သည်။ |
| *ပုဒ်မ ၃၄၊ စာမျက်နှာ ၁၇ နှင့် ၁၈* | ဃ) မြေအသုံးချမှု ပြောင်းလဲခြင်းမှ ကာကွယ်ခြင်းခံရသော မြေများနှင့် ဆက်စပ်၍ *တောင်ယာ*အဖြစ် တိတိကျကျ ရည်ညွှန်းထားပါသည်။ | မူဝါဒ မူကြမ်း၏ ဤနေရာတွင် *တောင်ယာ* ကို ပထမဆုံးအကြိမ် ဖော်ပြထားခြင်း ဖြစ်သည်။ *တောင်ယာ*သည် အလွန်အရေးကြီးသော မိရိုးဖလာ မြေယာစီမံခန့်ခွဲမှုနှင့် လုပ်ပိုင်ခွင့်စနစ်ဖြစ်သောကြောင့် ၎င်းအား သေချာရှင်းလင်းစွာ သတ်မှတ်ရန် လိုအပ်သည်။<br><br>ပုဒ်မ ၃၄၊ စ၊ ဤအပိုဒ်ခွဲသည် နစ်နာချက်နှင့် လျော်ကြေးဆိုင်ရာ နည်းလမ်းများကို သွယ်ဝိုက်စွာ ရည်ညွှန်းထားပုံရသော်လည်း မည်သည့်အရာကို ရည်ညွှန်းကြောင်း ရှင်းရှင်းလင်းလင်း မရေးသားထားပါ။ | *တောင်ယာ*ဟူသော စကားရပ်ကို ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုသင့်ပြီး မူဝါဒ မူကြမ်းတွင် ရှေ့နောက် လျော်ညီစွာ ထည့်သွင်းသင့်သည်။<br><br>ပုဒ်မ ၃၄၊ စ၊ ဤအပိုဒ်ခွဲတွင် နစ်နာချက်နှင့် လျော်ကြေးဆိုင်ရာ နည်းလမ်းများကို ရည်ညွှန်းထားခြင်းဖြစ်လျှင် ၎င်းတို့အား ရှင်းရှင်းလင်းလင်းဖြင့် ပိုမိုပေါ်လွင်အောင် ရေးသားသင့်ပြီး မူဝါဒ ရေးသားချက်တစ်ခုလုံးတွင် ချိတ်ဆက်ပြီး ရေးသားသင့်သည်။ |
| *ပုဒ်မ ၃၅၊ စာမျက်နှာ ၁၉* | | ဤအပိုင်းတွင် လုပ်ကိုင်ခွင့်ပြုခြင်းနှင့် မြေငှါးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတို့တွင်လည်း အသုံးပြုနိုင်သော | ဤအပိုင်းအား မြေယာ လုပ်ကိုင်ခွင့်ပြုခြင်းနှင့် ဆက်နွယ်နေသော တည်ဆဲဥပဒေများနှင့် |

| | | | |
|---|---|---|---|
| | | မူဝါဒများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ၊ ဆီလျော်သည့် တည်ဆဲ ဥပဒေများအား ရည်ညွှန်းထားခြင်း မရှိပါ။ | အခြားဆီလျော်သည့် ဥပဒေများကို ကိုးကား၍ စတင်သင့်သည်။<br><br>ဤအပိုင်းတွင် နောက်ဆုံး ဝါကျအရ နိုင်ငံပိုင်မြေများအတွက် လုပ်ကိုင်ခွင့်ပြုမှုများနှင့် ဆက်စပ်ခြင်းသာဖြစ်ကြောင်း သို့မဟုတ် လုပ်ကိုင်ခွင့်ပြုမှုအားလုံးနှင့် ဆက်စပ်ကြောင်းကို ရှင်းလင်းချက် ပေးသင့်ပါသည်။ နိုင်ငံပိုင်မြေများအတွက်သာဖြစ်လျှင် နိုင်ငံပိုင်မြေဆိုသည်ကို ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုချက်အား ဖော်ပြသင့်သည်။ |
| *ပုဒ်မခွဲ ၃၆၊ စာမျက်နှာ ၁၉* | ရင်းနှီးမြှုပ်နှံမှုအတွက် မြေကို ငှားရမ်းခြင်းမပြုမီ ဆောင်ရွက်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အကျိုးသက်ရောက်မှု ဆန်းစစ်ချက် (ESIAs) အား ရှင်းလင်းစွာ ကိုးကားရည်ညွှန်းထားပါသည်။ | မူဝါဒ မူကြမ်းတွင် အသုံးပြုထားသော ဘာသာစကားအသုံးအနှုန်းနှင့် ESIAs ၏ ရည်ရွယ်ချက်ဆိုင်ရာ အယူအဆမှာ ကွဲလွဲနေသဖြင့် စိုးရိမ်ဖွယ်ဖြစ်သည်။ ဤပုဒ်မတွင် "......... *ကို ဆောင်ရွက်နေစဉ်အတွင်း နိုင်ငံပိုင် မြေများ ငှားရမ်း လုပ်ကိုင်ခွင့်ပြုခြင်းကို ခေတ္တ ဆိုင်းငံ့ထားရမည်"* ဟူ၍ ဖော်ပြထားပြီး ၎င်း၏ အဓိပ္ပါယ်မှာ ESIA ၏ ရလဒ်သည် မည်သို့ပင်ဖြစ်စေ ထိုစီမံကိန်းများကို ဆက်လက်လုပ်ဆောင်မည်ဟူသော အဓိပ္ပါယ်သက်ရောက်နေပါသည်။ သို့သော် အပြည်ပြည်ဆိုင်ရာ အခြေခံ စံနှုန်းများနှင့် ကုလသမဂ္ဂ၏ စေတနာဖြင့် လမ်းညွှန်ချက်များတွင် | ဤပုဒ်မတွင် စီမံကိန်း ဆက်လက် လုပ်ဆောင်သင့်သည် မသင့်သည်ကို ဆုံးဖြတ်ခြင်းသည် ထိုအကဲဖြတ်ဆန်းစစ်မှုများ၏ ရလဒ်ပေါ်တွင် မူတည်ကြောင်း ရှင်းလင်းစွာ ဖော်ပြသင့်သည်။ |

| | | | |
|---|---|---|---|
| | | ဖော်ပြထားသည့်အတိုင်း ESIA ၏ ရည်ရွယ်ချက်မှာ အလားအလာ ရှိသော စီမံကိန်းများ၏ အကျိုး သက်ရောက်မှုများကို အကဲဖြတ် ဆန်းစစ်ရုံတင်မကဘဲ ထိုစီမံကိန်းများကို ဆက်လက် လုပ်ဆောင်သင့်မသင့်ကို အကဲဖြတ်ဆန်းစစ်ခြင်း ဖြစ်သည်။ | |
| *ပုဒ်မ ၃၇၊ စာမျက်နှာ ၁၉* | ပြောင်းရွှေ့ရန် ဆန္ဒမရှိသော အကျိုးသက်ဆိုင်သူများကို ယင်းတို့၏ ဆန္ဒကို ဆန့်ကျင်၍ နေရာရွှေ့ပြောင်း စေခြင်း မပြုရ (က) သက်ဆိုင်သူ တစ်ဦး၏ ဆန္ဒအရ နေရာရွှေ့ ပြောင်းရန် မဖြစ်နိုင်ပါက စီမံချက် ဒီဇိုင်းကို ပြောင်းလဲ ပြင်ဆင် ရေးဆွဲ ကျင့်သုံးနိုင်သည့် နည်းလမ်းကို ရှာဖွေရမည် (ခ) နှင့် လုပ်ပိုင်ခွင့် ချပေးသည့် နေရာများရှိ လက်ရှိမြေ အသုံးချသူများအား မထိခိုက်စေသည့် စီမံကိန်းများ (စ) အား ရှင်းလင်းစွာ ကိုးကား ဖော်ပြထားပါသည်။ | တည်ဆဲဥပဒေအရ ESIA လုပ်ငန်းစဉ်များနှင့်ပတ်သက်သော အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ပြဌာန်းချက်များအား ဤပုဒ်မတွင် ကိုးကားမထားပါ။<br><br>အပိုဒ်ခွဲ (ဂ) တွင် "နိုင်ငံတော်၏ အကျိုး" အတွက် စီမံကိန်းများအား ဆောင်ရွက်စေရေးနှင့်ပတ်သက်သည့် ဘာသာစကား အသုံးအနှုန်း ပါဝင်သည်။ ထို့ကြောင့် အပိုဒ်ခွဲ (က)၊ (ခ)နှင့် (ဂ) တို့တွင် ပါရှိသော လက်ရှိ အကျိုးသက်ဆိုင်သူများကို ကာကွယ်ရန် ခိုင်မာသော ပြဌာန်းချက်များကို လွှမ်းမိုးကျော်လွန်နေသည့် အလားအလာ ရှိသည်။ | ပုဒ်မတွင် ESIA အတွက် ဤပြဌာန်းချက်များက မကြာသေးမီက ရေးဆွဲထားသော ESIA ဥပဒေ မူကြမ်းများနှင့် မည်သို့ နှိုင်းယှဉ်နိုင်သည်၊ မည်သို့ ကိုက်ညီသည်ကို ရှင်းပြသင့်ပါသည်။<br><br>"အကျိုးသက်ဆိုင်သူများ" ဟူသောစကားရပ်ကို သေချာစွာ အဓိပ္ပါယ်ဖွင့်ဆိုသင့်ပြီး ၎င်းအစား "မြေ ယာ လုပ်ကိုင်ခွင့် အခွင့်အရေးရှိသူ" သို့မဟုတ် "ဒေသခံ ထိခိုက်ခံစားရသော အသိုင်းအဝိုင်းများ" အဖြစ် ပြောင်းလဲ သုံးစွဲသင့်ပါသည်။<br><br>ပြဌာန်းချက် ၃၇.ခ တွင် အပြည်ပြည်ဆိုင်ရာ အခြေခံစံနှုန်းများနှင့် အညီ လွတ်လပ်မှု၊ ကြိုတင် အကြောင်းကြားမှု၊ သိနားလည်ပြီးမှ သဘောတူညီမှု ဆိုင်ရာ အခြေခံမှုများ သို့မဟုတ် အနည်းဆုံး "အတင်းအဓမ္မ ပြန်လည်နေရာချ ထားခံရခြင်း မရှိ" ဟူသော အချက် ပါဝင်သင့်ပါသည်။ |

| | | | |
|---|---|---|---|
| | | နစ်နာချက်နှင့် အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်း (၉) သည် အလွန် မသေချာမရေရာဖြစ်နေပြီး ထိုနည်းလမ်း၏ အရေးကြီးပုံကိုသာ ဖော်ပြထားသည်။<br><br>ဤပုဒ်မတွင် လျော်ကြေးငွေနှင့် ပတ်သက်၍ ကိုးကားချက်များ ဖော်ပြမထားပါ။ | ဤပုဒ်မတွင် စုပေါင်း၍ ပိုင်ဆိုင်ပြီး စီမံခန့်ခွဲသော မြေနှင့် အရင်းအမြစ်များအပြင် တစ်သီးပုဂ္ဂလ ပိုင်ရှင်များနှင့် လုပ်ပိုင်ခွင့်ရှိသူများကိုလည်း ကိုးကားသင့်ပါသည်။<br><br>ပုဒ်မ ၃၇.ဂ တွင် "နိုင်ငံတော် အကျိုး" အတွက် စီမံကိန်းများနှင့် ပြန်လည်နေရာချထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းစွာ အဓိပ္ပါယ်သတ်မှတ်သင့်ပါသည်။ နိုင်ငံပိုင် သိမ်းယူသည့် ကိစ္စရပ်များကို ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပေးရန်လိုအပ်သည့်အပြင် ထိုသို့ သိမ်းယူခြင်းအားလည်း ပြည်သူတို့၏ အကျိုးစီးပွားအတွက်သာ (တစ်ဦးတစ်ယောက် အကျိုးစီးပွားထက်) လုပ်ဆောင်မည်ဟူသော ရှင်းလင်းသည့် အသုံးအနှုန်းကိုလည်း ထည့်သွင်းသင့်ပါသည်။<br><br>နစ်နာချက်နှင့် အငြင်းပွားမှု ဖြေရှင်းရေး နည်းလမ်းကို ကိုးကားထားသော ပုဒ်မ ၃၇.ဇ သည် ပို၍ အသေးစိတ် ရေးသားရန် လိုအပ်ပြီး အခြားပုံစံဖြင့် ဖြည့်စွက်ပေးမှုများနှင့် ဆက်နွယ်မှုများကို ပြည့်စုံရှင်းလင်းစွာ ဖော်ပြသင့်သည့်အပြင် မူကြမ်းတစ်ခုလုံးတွင် စာရင်းပြုလုပ်ထားသင့်ပါသည်။<br><br>ပုဒ်မ ၃၇.ဈ တွင် လျော်ကြေးငွေပေးခြင်းဟုဆိုရာ၌ ကိစ္စရပ်များကို ရှင်းလင်းစွာ သတ်မှတ်ထားချက် |

| | | | |
|---|---|---|---|
| | | | များနှင့် ထိုသို့ လျော်ကြေးပေးမည့် လုပ်ငန်းစဉ်များကို ထည့်သွင်းသင့်ပါသည်။ |
| *ပုဒ်မ ၃၈၊ စာမျက်နှာ ၂၀* | မြေယာလက်ဂါးကြီးအုပ်သိမ်းယူမှုအား ကာကွယ်ရန် ပြဌာန်းချက်များတွင် အောက်ပါအတိုင်း ပါဝင်ပါသည် -<br>- နိုင်ငံပိုင် မြေများကို လုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် ငှားရမ်းခွင့်ပြုခြင်းတွင် အများဆုံး ပမာဏကို ဆုံးဖြတ်ခြင်း<br>- ပဋိပက္ခဖြစ်သည့် ဒေသများတွင် မြေလုပ်ပိုင်ခွင့်ပေးခြင်းကို တားမြစ်ခြင်း<br>- မြေယာ လက်ဝါးကြီးအုပ် သိမ်းယူခြင်းကို တားမြစ်ခြင်း | ဤပုဒ်မတွင် သုံးနှုန်းထားသော အရေးအသား အသုံးအနှုန်းသည် ထိရောက်စွာ အကောင်အထည် ဖော်ရန်အတွက် တိကျရှင်းလင်းမှု မရှိပါ။ | မြေယာ လုပ်ကိုင်ခွင့် ချထားမှု အများဆုံးပမာဏအား ကန့်သတ်ချက်အား သတ်မှတ်ရန် လိုအပ်ပါသည်။ (ပုဒ်မ ၃၈.က)<br><br>ဤအပိုဒ်ခွဲတွင် ဤစံသတ်မှတ်ချက်နှင့်အညီ အကာအကွယ်ကုမ္ပဏီများ အသုံးပြုခြင်းအား ရှောင်ကြဉ်စေရန် (လက်အောက်ခံ မဟုတ်ဘဲ) တရားဝင်အဖွဲ့တစ်ဖွဲ့တစ်ခုစီအပေါ် ဤကန့်သတ်ချက်များအား အသုံးပြကြောင်းကို ဖော်ပြရန် လိုအပ်ပါသည်။ (ပုဒ်မ ၃၈.ခ)<br><br>မြေယာ လက်ဝါးကြီးအုပ်သိမ်းယူခြင်းနှင့် ပတ်သက်သော ရှင်းလင်းသည့် အဓိပ္ပါယ် ဖွင့်ဆိုချက်ကို ပေးရန် လိုအပ်ပါသည်။ |
| *ပုဒ်မ ၃၉၊ စာမျက်နှာ ၂၀* | ပမာဏ အများအပြား မြေသိမ်းဆည်းခြင်း စံနမူနာများနှင့် ဆန့်ကျင်လျက် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုအတွက် အကျိုးအမြတ်ခံစားသည့် စံနမူနာအဖြစ် ကန်ထရိုက် လယ်ယာစနစ်ကို အသိအမှတ်ပြုထားသည်။ | မြေနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့် ခိုင်ခိုင်မာမာရှိပြီး မြေအနည်းငယ်သာ ပိုင်ဆိုင်သည့် လယ်သမားများအား စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုအတွက် အကောင်းဆုံး စံပြဖြစ်သည်ဟူသော အချက်ကို ထင်ရှားစေရန် စကားရပ် အသုံးအနှုန်းကို အားကောင်း လာစေရန် ပြုလုပ်နိုင်သည်။<br><br>ကန်ထရိုက် လယ်ယာစနစ် စီမံချက်များတွင် ပါဝင်သော | ၃၉.ခ - ဖြစ်နိုင်ချေရှိသော အကျိုးသက်ရောက်မှုများကို နားလည်ရန်နှင့် သတ်မှတ်နိုင်ရန် ကန်ထရိုက် လယ်ယာစနစ် စီမံကိန်းများ အကောင်အထည်ဖော်စဉ် ကာလတလျှောက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အကျိုးသက်ရောက်မှုများကို အကဲဖြတ်ဆန်းစစ်ချက်များကို ပုံမှန် ပြုလုပ်သင့်သည်။<br><br>၃၉.င ကန်ထရိုက် လယ်ယာစနစ် သဘောတူညီချက်များတွင် ပါဝင်သော မိသားစုများအတွက် နစ်နာချက်နှင့် |

| | | | |
|---|---|---|---|
| | | လယ်သမားများကို ကာကွယ်ရန် ပြဋ္ဌာန်းချက်များကို ပိုမိုအားကောင်းအောင် ပြုလုပ်နိုင်သေးသည်။ | အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းကို ဤအပိုင်းတွင် ထည့်သွင်းရန် လိုအပ်သကဲ့သို့ ၄င်းအား ဖြေရှင်းရန် တာဝန်ရှိသော အစိုးရ အာဏာပိုင်များကို ရည်ညွှန်းကိုးကားချက်အား ထည့်သွင်းသင့်ပါသည်။ |
| *ပုဒ်မ ၄၇၊ စာမျက်နှာ ၂၁* | | ဤပုဒ်မ၏ အဓိပ္ပါယ်မှာ မရှင်းလင်းပါ။ | စီးပွားရေး လုပ်ငန်းများအတွက် နိုင်ငံပိုင်မြေများကို ငှားရမ်းသည့် စည်းကမ်း သတ်မှတ်ချက်များနှင့် ပတ်သက်သည့် အခြေခံ စံနှုန်းများကို ဤပုဒ်မတွင် ထည့်သွင်းသင့်ပါသည်။ |
| *ပုဒ်မ ၄၁၊ စာမျက်နှာ ၂၁* | သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အကာအကွယ်များအတွက် လိုအပ်ချက်များသည် အရေးကြီးကြောင်း ကိုးကားချက်ဖြစ်ပါသည်။ | ဤပုဒ်မတွင် မည်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အကာအကွယ်များကို ရည်ညွှန်းထားသည်မှာ မရှင်းလင်းပါ။<br><br>စမ်းသပ် စီမံကိန်းများ ပြီးစီးပြီးနောက် မူဝါဒကို မည်သို့ ပြန်လည် ပြင်ဆင်မည် ဆိုသည်နှင့် ပတ်သက်သည့် အချက်အလက်များ ထပ်မံလိုအပ်ပါသည်။ | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်အား ရှင်းလင်းစွာ သတ်မှတ်ရန် လိုအပ်ပြီး ဤအပိုင်းတွင် ရေးသားထားသော အခြား လုပ်ထုံးလုပ်နည်းများနှင့် ဆက်စပ်နေသည့် ၄င်းတို့၏ ဆက်နွယ်မှုများကို ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်ဖွင့်ပြရန် လိုအပ်ပါသည်။<br><br>အကာအကွယ်များကို စမ်းသပ်မှုများ နှင့် မူဝါဒကိုယ်တိုင်အား ပြန်လည် ပြင်ဆင်ရေးဆွဲမှုနှင့် အပြီးသတ် ဆောင်ရွက်မှုတို့အကြား ဆက်နွယ်မှုကို ရှင်းပြရန် လိုအပ်ပါသည်။ |
| *နိုင်ငံပိုင်မြေများကို လုပ်ကိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းခြင်းဆိုင်ရာ အပိုင်း (၃) နှင့်ပတ်သက်၍ အထွေထွေ မှတ်ချက်များ* | | | ဤအပိုင်းတွင် အောက်ပါအချက်များကို ပေါင်းစပ်ထည့်သွင်းသင့်ကြောင်း အကြံပြုလိုပါသည် -<br>• ကာလရှည်အတွက် လုပ်ကိုင်ခွင့်ပြုခြင်း အပေါ် စီမံခန့်ခွဲမှု အသေးစိတ်များ နှင့် စီမံကိန်းကာလပြီးဆုံးသည့်အခါ/ လုပ်ကိုင်ခွင့်ပြုသည့် ငှားရမ်းကာလ |

| | | | |
|---|---|---|---|
| | | | ပြီးဆုံးသည့်အခါ မြေယာအပေါ် မည်သို့ ဖြစ်မည်ဆိုသည့် အသေးစိတ် အချက်အလက်များ<br>• လုပ်ကိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းမှုတို့နှင့် ပတ်သက်သော ပွင့်လင်းမြင်သာမှုကို တိုးတက်အောင်လုပ်ဆောင်မှုမှာ အရေးကြီးပုံနှင့် လုပ်ကိုင်ခွင့်ရရှိထားသူတို့က မည်မျှသော အချက်အလက်များကို အများပြည်သူသိစေရန် ဖော်ထုတ်သင့်သည် ဟူသည့် အချက်<br>• ခွဲဝေချထားနိုင်သည့် နေရာများ/ဇုန်များနှင့် ခွဲဝေမချနိုင်သည့် နေရာများနှင့် ဇုန်များနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များ (ပုဒ်မ ၁၉ နှင့် ၃၁ အရ)<br>• မည်သည့်လုပ်ကိုင်ခွင့်ဆိုင်ရာ အမျိုးအစားများကို ဤအပိုင်းတွင် အသုံးပြုသည်ဆိုသည့် အသေးစိတ်အချက်အလက်များ ဥပမာ - စိုက်ပျိုးစီးပွားရေး၊ သတ္တုတွင်း တူးဖော်ရေး၊ အထူးစီးပွားရေးဇုန်များ အစရှိသည်၊<br>• လုပ်ပိုင်ခွင့်နှင့် ငှားရမ်းခွင့်ဆိုင်ရာ စာချုပ် စည်းကမ်းချက်များနှင့် အခြေအနေများကို ချိုးဖောက်ပါက မည်သို့ ဖြစ်ပွားမည်နှင့် အကယ်ရှိ ယင်းကဲ့သို့ ဖောက်ဖျက်မှု ဖြစ်ခဲ့လျှင် မည်သို့သော ပြစ်ဒဏ်များ ရှိမည်ဟူသော အသေးစိတ် အချက်အလက်များ။ |

အပိုင်း - ၄ - မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

| ပုဒ်မ | အားသာချက် | ဟာကွက် | အကြံပြုချက် |
|---|---|---|---|
| *ပုဒ်မ ၄၂၊ စာမျက်နှာ ၂၃* | | မြေသိမ်းဆည်းခြင်း၊ လျော်ကြေး ပေးခြင်း၊ ပြန်လည်နေရာ ချထားခြင်း နှင့် ပြန်လည် ထူထောင်ခြင်းတို့သည် အလွန်အရေးကြီးပြီး မြေနှင့် ပတ်သက်သည့် အုပ်ချုပ်မှုပိုင်းတွင် ရှုပ်ထွေးလှသော အရာဖြစ်သည်။ ပုဒ်မတစ်ခုတည်းဖြင့် ဖော်ပြ သည်ထက် ၎င်းတို့နှင့် ဆက်စပ်သော မြေအသုံးချမှု မူဝါဒ (သို့မဟုတ်) ဥပဒေအတွက် အခန်း (၁) ခန်း ထည့်သွင်းသင့်သည်။ | အပိုင်းတစ်ခုချင်းစီအတွက် လုပ်ထုံးလုပ်နည်းများနှင့် ရည်ရွယ်ချက်များ၊ သက်ဆိုင်ရာ အစိုးရ ဌာနများ၏ တာဝန်များကို ရှင်းလင်းစွာ ရေးသားလျက် ဤအပိုင်းကို အများအပြား ပြင်ဆင်ရေးသင့်ပါသည်။ |
| *ပုဒ်မ ၄၄၊ စာမျက်နှာ ၂၃* | အမျိုးသား မြေအသုံးချမှု မူဝါဒနှင့် မြေယာ ဥပဒေတို့အား ပြဋ္ဌာန်းပြီးသည်နှင့် ယင်းတို့သည် တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် သဟဇာတမှုသည် နောက်ပြုလုပ်ရမည့် အဆင့်တွင် မရှိမဖြစ်လိုအပ်သည်။ | ဥပဒေနှင့် သဟဇာတ ရှိစေရေးနှင့်ပတ်သက်သော ဤအပိုင်းသည် ပုဒ်မ ၄၂ နှင့် ၄၃ တို့ဖြင့်သာ ဆက်နွယ်နေခြင်း သို့မဟုတ် မြေအသုံးချမှု မူဝါဒတစ်ခုလုံးနှင့် ဆက်နွယ် နေခြင်းလော ဆိုသည်မှာ မရှင်းလင်းပါ။ | ဤပုဒ်မ၏ သက်ရောက်မှုကို ရှင်းလင်း သင့်ပါသည်။<br><br>အကျင့်ပျက် ခြစားမှုနှင့်ပတ်သက်သော ပုဒ်မအသစ်/အပိုင်းသစ်ကို ပြင်ဆင်သင့်ပြီး အမျိုးသား မြေအသုံးချမှု မူဝါဒ ပြဋ္ဌာန်းချက်များ၏ အစိတ်အပိုင်းများအားလုံးတွင် ၎င်း၏ ဆိုးကျိုး သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်း သင့်ပါသည်။ |

| | | | |
|---|---|---|---|
| | | ပုဒ်မ တစ်ခုလုံး သို့မဟုတ် အပိုင်းတစ်ခုလုံးအနေဖြင့် ထည့်သွင်းဖော်ပြထိုက်သော အကျင့်ပျက်ခြစားမှု အကြောင်းကို ဤနေရာတွင် ပထမဆုံး ဖော်ပြထားခြင်းပင် ဖြစ်ပါသည်။<br><br>ပုဒ်မ ၄၄.ဂ - တန်ဖိုးသတ်မှတ်ခြင်း စနစ်နှင့် ဆက်စပ်နေသော အပိုဒ်ခွဲများသည် ယင်းတန်ဖိုးကို မည်သို့တွက်ချက်မည်ဟူသော တိကျသည့် အသေးစိတ်အချက်အလက်များမပါဘဲ အဓိပ္ပါယ် သိပ်မရှိလှပေ။ | လျော်ကြေးပေးရန်အတွက် တန်ဖိုးသတ်မှတ်သည့် စနစ်သည် မြေတစ်ခုတည်းအတွက် တန်ဖိုးဖြတ်ခြင်းထက် အခြားအရာများကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါသည်။ ဥပမာ - ရေအသုံးပြုမှုဆိုင်ရာ အခွင့်အရေးများ၊ အခြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ သို့မဟုတ် ကျွန်းမဟုတ်သည့် သစ်တော ထွက်ကုန်များကို ဆုံးရှုံးမှု။ ထိုသို့ တန်ဖိုးဖြတ်သော စနစ်များတွင် တွက်ချက်ရာတွင် မည်သည့် အချက်များပေါ်တွင် အခြေခံသင့်သည်ဟူသော အသေးစိတ်ကို ထည့်သွင်းသင့်ပါသည်။ |

**အပိုင်း ၇ - တိုင်းရင်းသားလူမျိုးစုများ၏ မြေအသုံးပြုမှု အခွင့်အရေးများ**

| **ပုဒ်မ** | **အားသာချက်** | **ဟာကွက်** | **အကြံပြုချက်** |
|---|---|---|---|
| *ပုဒ်မ ၆၈၊ စာမျက်နှာ ၂၉* | | ဤပုဒ်မတွင် "*တိုင်းရင်းသား လူမျိုးစုတို့၏ ရိုးရာမြေအသုံးပြုမှု အလေ့အကျင့်များကို သိရှိလိုက်နာကျင့်သုံးရေးအတွက် လည်းကောင်း၊ ရိုးရာမြေအသုံးပြုမှု အခွင့်အရေး အပြည့်အဝ ရရှိရေးအတွက် လည်းကောင်း၊ ယင်းအခွင့်အရေးကို* | ဤအချက်များသည် အလွန်ပင် မတူညီသော ပြဌာန်းချက်များ ဖြစ်သောကြောင့် ဤပုဒ်မရှိ ဘာသာစကား အသုံးအနှုန်းကို ရှင်းလင်းရန် လိုအပ်ပါသည်။<br><br>ရိုးရာ မြေအသုံးချမှု ဆိုင်ရာအခွင့်အရေးများကို သတ်မှတ်ရန် လိုအပ်ပါသည်။ |

| | | | |
|---|---|---|---|
| | | *ကာကွယ်နိုင်ရေးအတွက် လည်းကောင်း.... ရိုးရာမြေအသုံးချမှု စနစ်ကို မြေယာဥပဒေ၌ ပြဋ္ဌာန်းပေးရမည်။"*ဟု ရေးသားထားပါသည်။ သို့သော် ၎င်း၏ ဆိုလိုရင်းမှာ တိုင်းရင်းသား လူနည်းစုများအနေဖြင့် ၎င်းတို့၏ ရိုးရာ မြေအသုံးချမှု အခြေခံမှုများကို လိုက်နာရန်လိုအပ်သည် သို့မဟုတ် အခြား ပြင်ပ အုပ်စုများမှ လိုက်နာရန် လိုအပ်သည် ဆိုသည်ကို ရှင်းလင်းစွာ မရေးသားထားပါ။<br><br>ဤပုဒ်မက ကာကွယ်ပေးရန် ရည်ရွယ်ထားသော "ရိုးရာ မြေအသုံးချမှု အခွင့်အရေးများ"ကို သတ်မှတ်ထားခြင်း မရှိပါ။ | |
| *ပုဒ်မ ၆၉၊ စာမျက်နှာ ၂၉* | | ဤပုဒ်မတွင် ရိုးရာ မြေအသုံးချမှု အခွင့်အရေးများကို ဖော်ပြထားခြင်း မရှိသောကြောင့် ၎င်းသည် ပုဒ်မ ၆၈ နှင့် ဆန့်ကျင်နေပါသည်။ | ရိုးရာ မြေအသုံးပြုမှု အခွင့်အရေးများ (ပုဒ်မ ၆၈) ကို သတ်မှတ်ခြင်းနှင့် ကာကွယ်ခြင်း လုပ်ငန်းစဉ်သည် မြေအသုံးချမှု မြေပုံများကို ပြင်ဆင်ရာ၌ ဤပုဒ်မနှင့် မည်သို့ ဆက်နွယ်နေသည်ကို ရှင်းလင်းစွာ ရှင်းပြသင့်ပါသည်။ |
| *ပုဒ်မ ၇၀၊ စာမျက်နှာ ၂၉* | တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာ မြေယာနှင့် အသုံးပြုသူ အခွင့်အရေး များကို (၇၀.ခ) တွင် လက်ရှိ မှတ်တမ်းသွင်းထားခြင်း မရှိသည့်တိုင် | အပိုဒ်ခွဲ(ဂ) သည် (က) နှင့် (ခ) တို့နှင့် ဆန့်ကျင်နေသည်။ ၎င်းသည် တိုင်းရင်းသား လူနည်းစု အခွင့်အရေး များကို လက်ရှိဥပဒေအရ | ဤတွင် ပုဂ္ဂလိက (တစ်ဦးချင်းစီ) နှင့် စုပေါင်း၍ စီမံခန့်ခွဲသည့် မြေများအားလုံး ပါဝင်ခြင်း ရှိမရှိကို ရှင်းလင်းရန် လိုအပ်ပါသည်။ |

| | | | |
|---|---|---|---|
| | ၎င်းတို့ကို အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ခြင်း အပါအဝင် အများပါဝင်၍မြေအသုံးချမြေပုံ ရေးဆွဲခြင်းအတွက် ရှင်းလင်းသော ကိုးကားချက် ဖြစ်သည်။ | အသိအမှတ်ပြုလိမ့်မည်ဟု ဖော်ပြထားသည်။<br><br>တစ်သီးပုဂ္ဂလ မြေအသုံးပြုမှု အခွင့်အရေးများနှင့် စုပေါင်း မြေအသုံးချမှု အခွင့်အရေးတို့အား ဤလုပ်ငန်းစဉ်တွင် အသိအမှတ်ပြုမည် မပြုမည်ကို ရှင်းလင်းစွာ မဖော်ပြထားပါ။ | ပုဒ်မ ၇၁.ဂ အား ပြဋ္ဌာန်းချက် ၇၁.က နှင့် ၇၁.ခ တို့၏ ပြဋ္ဌာန်းချက်များကို ကူညီထောက်ပံ့ရန် ပြန်လည် ပြင်ဆင်ရန် လိုအပ်ပါသည်။ |
| *ပုဒ်မ ၇၂။ စာမျက်နှာ ၃၀* | သစ်တောမြေ၊ လယ်ယာမြေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ် လက်ရှိ အတန်းအစားခွဲထားသော မြေများကို မြေယာဥပဒေအသစ်အရ ပြန်လည် အတန်းအစားခွဲမည်ဖြစ်ပြီး တိုင်းရင်းသား လူမျိုးစုများမှ ၎င်းတို့၏ မြေများကို မှတ်ပုံတင်နေသည့် ကာလတွင် လုပ်ပိုင်ခွင့် ချထားခြင်းကို ယာယီ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ | ၎င်းအချက်သည် ခွဲဝေချထားပေးခြင်း မပြုလုပ်ရသေးသော လုပ်ကိုင်ခွင့်များ သို့မဟုတ် လုပ်ကိုင်နေဆဲဖြစ်သော မြေများအားလုံးအတွက် သက်ရောက်မှုရှိသည် မရှိသည်ကို ရှင်းလင်းစွာ မဖော်ပြထားပါ။ | ဤပုဒ်မသည် မြေယာ လုပ်ကိုင်ခွင့်များနှင့် ခွဲဝေချထားပေးခြင်း အပိုင်းတွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များနှင့် မည်သို့ ကိုက်ညီမှုရှိသည်ကို ဖော်ပြရန် ရှင်းလင်းချက်များ လိုအပ်ပါသည်။<br><br>ဤပုဒ်မ၏ သက်ရောက်မှု အတိုင်းအတာကို ရှင်းလင်းရန် လိုအပ်ပါသည်။ |
| *ပုဒ်မ ၇၃၊ စာမျက်နှာ ၃၀* | မြေ အသုံးချမှု ဥပဒေသစ်တွင် ပါဝင်သော တိုင်းရင်းသား လူမျိုးစုများအတွက် ခိုင်မာသော မြေယာလုပ်ကိုင်မှု အခွင့်အရေးများ ဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ရင်းနှီးမြှုပ်နှံမှု ပြုခြင်းကြောင့် ထိုအခွင့်အရေးများ ဆုံးရှုံးခြင်းမှ ကာကွယ်ရမည်ဟု ဖော်ပြထားသည်။ | | မည်သည့် တိုင်းရင်းသားလူနည်းစု အခွင့်အရေးများကို ကာကွယ်မည်ဆိုသည်ကို ရှင်းလင်းစွာ ဖော်ပြရန် လိုအပ်ပါသည်။ |

| | | | |
|---|---|---|---|
| *ပုဒ်မ ၇၄၊ စာမျက်နှာ ၃၀* | | | ဤပုဒ်မတွင် တိုင်းရင်းသားလူနည်းစု အခွင့်အရေးများကို အဘယ်ကြောင့် မဖော်ပြထားသည်ကို ရှင်းလင်းပြရန် လိုအပ်ပါသည်။ |
| *ပုဒ်မ ၇၅၊ စာမျက်နှာ ၃၀* | | | "မိရိုးဖလာ တောင်ယာ" နှင့် "အမြဲတမ်း တောင်ယာ" ဟူသော စကားရပ်များကို အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ပြီးနောက် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းစွာ သတ်မှတ်ရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက *တောင်ယာ*စနစ်တွင် မည်သည့် မြေအသုံးချမှု အခွင့်အရေးများကို လစ်လျူရှု၍ ရသည်ဟူသော ဟာကွက်များ ရှိနေနိုင်သည်။ |
| *ပုဒ်မ ၇၇၊ စာမျက်နှာ ၃၁* | | | ရိုးရာစဉ်လာအရ ထိခိုက်နစ်နာမှုနှင့် အငြင်းပွားမှု ဆိုင်ရာ ဖြေရှင်းခြင်း လုပ်ငန်းစဉ်များကို အသိအမှတ်ပြုပြီး ၎င်းတို့အား အကောင်အထည် ဖော်ဆောင်ရွက်မှုများကို မူဝါဒတွင် ဖော်ပြသင့်ကာ ဥပဒေတွင် ဖော်ပြသည်အထိ မစောင့်ဆိုင်း သင့်ပေ။ |
| *ဤအပိုင်းနှင့်ပတ်သက်၍ အထွေထွေ မှတ်ချက်များ* | | | အောက်ဖော်ပြပါ အချက်များကို ဤအပိုင်းတွင် ပေါင်းစပ်ထည့်သွင်းသင့်ကြောင်း အကြံပြုပါသည် -<br>• တိုင်းရင်းသား လူနည်းစုများတွင် မည်သည့် မြေအသုံးချမှုဆိုင်ရာ အခွင့်အရေးများ ရှိပြီးဖြစ်သည်ကို အသေးစိတ် ပြည့်စုံရှင်းလင်းစွာ ဖော်ပြခြင်း၊<br>• *တောင်ယာ*နှင့် အခြား ရိုးရာ မြေအသုံးချမှု လုပ်ပိုင်ခွင့် စနစ်များကို ဥပဒေမှ မည်သို့ |

| | | | |
|---|---|---|---|
| | | | အသိအမှတ်ပြုမည်ကို အသေးစိတ် ဖော်ပြချက်၊<br>• ဥပဒေအရ အသိအမှတ်မပြုရသေးသော အခွင့်အရေးများကို မူဝါဒက အသိအမှတ်ပြုထားခြင်း ရှိမရှိ၊ သို့မဟုတ် တည်ဆဲဥပဒေများရှိ အခွင့်အရေးများကိုသာ မူဂါဒက အသိအမှတ်ပြုထားခြင်း ရှိမရှိ ရှင်းလင်းချက်။ |